အကျွန်ုပ်တို့သည် ဤအကြောင်းကို ထောက်၍
ကိုယ်တော်သည် ဘုရားသခင့်အထံတော်မှ ကြွလာ
တော်မူသည်ကို ယုံပါသည်ဟု လျှောက်ကြ၏။
၃၁ ယေရှုကလည်း၊ ယခုတွင် ယုံကြပြီလော။
၃၂ သင်တို့သည် ကွဲပြား၍ ငါ့ကို တကိုယ်တည်း
နေစေခြင်းငှါ စွန့်ပစ်လျက် အသီးအသီး မိမိတို့နေရာသို့
ပြေးသွားမည်အချိန်ကာလသည် လာ၍ ယခုပင်
ရောက်ပေ၏။ သို့သော်လည်း ငါသည် တကိုယ်တည်း
နေသည်မဟုတ်။ ခမည်းတော်သည် ငါနှင့်အတူ
ရှိတော်မူ၏။
၃၃ သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိ
စေခြင်းငှါ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည်
လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်၊ သို့သော်
လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီ
ဟု မိန့်တော်မူ၏။

## ၁၇

၁ ထိုသို့မိန့်တော်မူပြီးမှ ယေရှုသည် ကောင်းကင်သို့
ကြည့်မျှော်၍၊ အိုအဘ၊ အကျွန်ုပ်အချိန်ရောက်ပါပြီ။
၂ ကိုယ်တော်သည် သားတော်လက်သို့ အပ်ပေး
တော်မူသမျှသော သူတို့အား ထာဝရ အသက်ကို
ပေးစေခြင်းငှါ၊ လူမျိုးအပေါင်းတို့ကို အစိုးရသောအခွင့်
တန်ခိုးကို သားတော်အား ပေးတော်မူသည်နှင့်အညီ၊
သားတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားစေ
ပါမည်အကြောင်း သားတော်၏ဘုန်းကို ထင်ရှားစေ
တော်မူပါ။
၃ ထာဝရ အသက်ဟူမူကား၊ မှန်သော ဘုရား
သခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုဇင်း၊
စေလွှတ်တော်မူသော ယေရှုခရစ်ကိုဇင်း သိကျွမ်း
ခြင်းတည်း။
၄ အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏
ဘုန်းကို ထင်ရှားစေပါပြီ။ အကျွန်ုပ် ဆောင်ရွက်စရာဘို့
အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ်
ဆောင်ရွက်၍ ပြီးပါပြီ။
၅ အို အဘ၊ ဤကမ္ဘာ မတည်မရှိမှီ အထံတော်၌
အကျွန်ုပ် ခံစားသော ဘုန်းအသရေနှင့် ယခုတွင်လည်း
အကျွန်ုပ်ကို အထံတော်၌ ချီးမြှောက်တော်မူပါ။
၆ ဤလောကထဲမှ ယူ၍ အကျွန်ုပ်၌ အပ်ပေးတော်
မူသောသူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏
နာမကို ပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည် ပိုင်တော်
မူသဖြင့် အကျွန်ုပ်အား ပေးတော်မူ၏။ ကိုယ်တော်၏
နှုတ်ကပတ်တရားကို သူတို့သည် စောင့်ကြပါ၏။
၇ အကျွန်ုပ်အား ပေးတော်မူသမျှတို့သည် ကိုယ်
တော်မှ ဖြစ်ကြောင်းကို သူတို့သည် ယခု သိကြပါ၏။
၈ အကြောင်းမူကား၊ အကျွန်ုပ်အား ပေးတော်မူ
သမျှသော အရာတို့ကို သူတို့အား အကျွန်ုပ်ပေး၍ သူ
တို့သည် ခံယူသဖြင့်၊ အကျွန်ုပ်သည် အထံတော်မှ
ကြွလာသည်ကို အတတ်သိကြသည်နှင့် ကိုယ်တော်
သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို ယုံကြပါ၏။
၉ သူတို့အဘို့အလိုငှါ အကျွန်ုပ် ဆုတောင်းပါ၏။
လောကီသားတို့အဘို့အလိုငှါ ဆုတောင်းသည်
မဟုတ်ပါ။ အကျွန်ုပ်အား ပေးတော်မူသော သူတို့သည်
ကိုယ်တော်၏ လူဖြစ်သောကြောင့်၊ ထိုသူတို့ အဘို့
အလိုငှါ ဆုတောင်းပါ၏။
၁၀ အကျွန်ုပ်နှင့် စပ်ဆိုင်သော အရာ ရှိသမျှတို့သည်
ကိုယ်တော်နှင့် စပ်ဆိုင်ကြပါ၏။ ကိုယ်တော်နှင့် စပ်
ဆိုင်သောအရာ ရှိသမျှတို့သည်လည်း အကျွန်ုပ်နှင့်
စပ်ဆိုင်၍၊ ထိုအရာတို့အားဖြင့် အကျွန်ုပ်သည် ဘုန်း
ထင်ရှားပါ၏။
၁၁ ယခုမှစ၍ အကျွန်ုပ်သည် ဤလောက၌ မရှိပါ၊
ဤသူတို့မူကား၊ ဤလောက၌ ရှိရစ်ရ ကြပါမည်။
အကျွန်ုပ်သည် ကိုယ်တော်ထံသို့ သွားရပါမည်။ သန့်
ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့် အကျွန်ုပ်သည်
တလုံးတဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အား ပေးတော်
မူသော ဤသူတို့သည် ဖြစ်ရပါမည် အကြောင်း၊
သူတို့ကို ကိုယ်တော်၏ နာမ၌ တည်စေတော်မူပါ။
၁၂ အကျွန်ုပ်သည် ဤလောက၌ ဤသူတို့နှင့် တကွ
ရှိစဉ်ကာလ၊ သူတို့ကို ကိုယ်တော်၏နာမ၌ တည်စေ
ပါပြီ။ အကျွန်ုပ်အား ပေးတော်မူသောသူတို့ကိုအကျွန်ုပ်
စောင့်မပါပြီ။ ထိုသူတို့တွင် ပျက်စီးခြင်း၏ သား
တယောက်မှတပါး အဘယ်သူမှ ပျက်စီးခြင်းသို့ မ
ရောက်ပါ။ ထိုသူသည် ပျက်စီးခြင်းသို့ရောက်သည် အ
ကြောင်းကားကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း။
၁၃ ယခုတွင် အကျွန်ုပ်သည် ကိုယ်တော်ထံသို့
သွားရမည်ဖြစ်၍၊ ဤသူတို့သည် အကျွန်ုပ်ကိုအမှီပြု
သဖြင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံမည်အကြောင်း၊
ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏။
၁၄ ကိုယ်တော်၏ နှုတ်ကပတ်တရားကို ဤသူတို့
အား အကျွန်ုပ်ပေးပါပြီ။ အကျွန်ုပ်သည် ဤလောကနှင့်
မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံသော
ကြောင့်လောကီသားတို့သည်ဤသူတို့ကိုမုန်းကြပါ၏။
၁၅ ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်
အကြောင်း အကျွန်ုပ် တောင်းသည် မဟုတ်ပါ။



မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှါ
စောင့်မတော်မူမည်အကြောင်းကိုသာ တောင်းပါ၏။
၁၆ အကျွန်ုပ်သည် ဤလောကနှင့် မဆက်ဆံ
သကဲ့သို့ ဤသူတို့သည် မဆက်ဆံကြပါ။
၁၇ ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို
သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည်
သမ္မာတရားဖြစ်ပါ၏။
၁၈ ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့
စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤ
သူတို့ကို စေလွှတ်ပါ၏။
၁၉ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေမည်
အကြောင်း အကျွန်ုပ်သည် သူတို့ အဘို့အလိုငှါ
ကိုယ်ကို သန့်ရှင်းစေပါ၏။
၂၀ ထိုသူတို့အဘို့ကိုသာ အကျွန်ုပ် ဆုတောင်းသည်
မဟုတ်ပါ။ သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို
ယုံကြည်သောသူတို့အဘို့ကိုလည်း ဆုတောင်းပါ၏။
၂၁ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူ
သည်ကိုလောကီသားတို့သည် ယုံကြမည်အကြောင်း၊
ထိုသူ အပေါင်းတို့သည် တလုံးတဝတည်း ဖြစ်လျက်၊
အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍
အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိသကဲ့သို့၊ ထိုသူ
အပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်း ဖြစ်စေခြင်း
ငှါ ဆုတောင်းပါ၏။
၂၂ ငါတို့သည် တလုံးတဝတည်း ဖြစ်သကဲ့သို့
အကျွန်ုပ်သည် သူတို့၌ရှိ၍၊
၂၃ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူ
သောအားဖြင့် သူတို့သည် တလုံးတဝတည်း ဖြစ်၍၊
တလုံးတဝတည်း၌ စုံလင်စေခြင်းငှါဇင်း၊ ကိုယ်တော်
သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့်
အကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း
ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေ
ခြင်းငှါဇင်း၊ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်
မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အား
ပေးပါပြီ။
၂၄ အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိ
မှီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အား ပေးတော်မူသော
ဘုန်းတော်ကို အကျွန်ုပ်အား ပေးတော်မူသောသူတို့
သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌
အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏။
၂၅ တရားတော်မူသော အဘ၊ လောကီသားတို့
သည် ကိုယ်တော်ကို မသိသော်လည်း အကျွန်ုပ်သိပါ၏။
၂၆ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်
မူကြောင်းကို ထိုသူတို့သည် သိကြပါ၏။ ကိုယ်တော်
သည် အကျွန်ုပ်ကို ချစ်တော်မူသော မေတ္တာသည်
သူတို့၌ ရှိစေခြင်းငှါဇင်း၊ အကျွန်ုပ်သည် သူတို့၌
ရှိစေခြင်းငှါဇင်း၊ ကိုယ်တော်၏ နာမကို အကျွန်ုပ်သည်
သူတို့အား ပြည့်နှပ်ပါပြီဖြစ်၍ အစဉ်ပြည့်နှပ်ပါမည်ဟု
မိန့်မြွက်တော်မူ၏။

## ၁၈

၁ ထိုသို့ မိန့်မြွက်တော်မူပြီးမှ ယေရှုသည် တပည့်
တော်တို့နှင့်အတူ ကေဒြုန်ချောင်းတဘက်သို့ ကြွ၍၊
ထိုအရပ်၌ ရှိသောဥယျာဉ်သို့ ဝင်တော်မူ၏။
၂ ထိုအရပ်သို့ ယေရှုသည် တပည့်တော်တို့နှင့်အတူ
သွားမြဲရှိသောကြောင့်၊ ကိုယ်တော်ကို အပ်နှံသော
ယုဒရှကာရုတ်သည် ထိုအရပ်ကို သိသည်ဖြစ်၍၊
၃ စစ်သူရဲ တတပ်ကိုဇင်း၊ ယဇ်ပုရောဟိတ် အကြီး
တို့နှင့် ဖာရိရှဲတို့စေလွှတ်သော မင်းလုလင်တို့ကိုဇင်း
ခေါ်ခဲ့၍၊ မီးအိမ်၊ မီးရှူး၊ လက်နက်တို့ကို လက်စွဲလျက်
လာကြ၏။
၄ ယေရှုသည် ကိုယ်၌ ဖြစ်လတံ့သမျှသော အမှု
အရာတို့ကို သိတော်မူလျက်၊ လာသောသူတို့ ဆီသို့
သွား၍ အဘယ်သူကို ရှာကြသနည်းဟု မေးတော်မူ၏။
၅ နာဇရက်မြို့သား ယေရှုကို ရှာကြသည်ဟု ဆို
လျှင်၊ ယေရှုက၊ ငါသည် ထိုသူဖြစ်၏ဟု မိန့်တော်မူ၏။
ကိုယ်တော်ကို အပ်နှံသော ယုဒရှကာရုတ်သည်
လည်း ထိုသူတို့နှင့်အတူ ရပ်နေ၏။
၆ ငါသည် ထိုသူဖြစ်၏ဟု မိန့်တော်မူလျှင်၊ ထိုသူ
တို့သည် နောက်သို့ လှန်၍ မြေပေါ်၌ လဲကြ၏။
၇ အဘယ်သူကို ရှာကြသနည်းဟု တဖန်မေးတော်
မူလျှင်၊ နာဇရက်မြို့သား ယေရှုကို ရှာကြသည်ဟု
ထိုသူတို့သည် ဆိုကြ၏။
၈ ယေရှုကလည်း၊ ငါသည်ထိုသူဖြစ်၏ဟု ငါပြောပြီ။
သို့ဖြစ်၍ ငါ့ကိုရှာလျှင်ဤသူတို့သည် သွားပါလေစေဟု
မိန့်တော်မူ၏။
၉ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူ
သော သူတို့တွင် အဘယ်သူမျှ ပျက်စီးခြင်းသို့မရောက်
ပါဟူသော အထက်စကားတော်ကို ပြည့်စုံစေခြင်းငှါ
ဤသို့ မိန့်တော်မူ၏။
၁၀ ထိုအခါ ရှိမုန်ပေတရုသည် မိမိ၌ပါသော ထားကို
ဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ်မင်း၏ကျွန် တ
ယောက်ကို ခုတ်သဖြင့် လက်ျာနားရွက် ပြတ်လေ၏။
ထိုကျွန်၏ အမည်ကား မာလခု ဖြစ်သတည်း။